KNU-ကရင်အမျိုးသားအစည်းအရုံး

ဆောထိမြို့နယ်/တပ်ရင်း(၇)

နေ့စွဲ - ၆.၂.၂၀၂၀

NCA ဆွေးနွေးပွဲ ပြုလုပ်ခြင်းကို တပ်မတော် ဘက်မှ မတရားကန့်ကွက်သည့်အပေါ် ဆောထိမြို့နယ်/တပ်ရင်း (၇) ၏ သဘောထား ထုတ်ပြန်ကြေညာချက်

မိမိတို့ KNU ဆောထိမြို့နယ်/တပ်ရင်း(၇) သည် KNU ညောင်လေးပင်ခရိုင်/တပ်မဟာ(၃) ၏ ဦးဆောင်မှုအောက်တွင် တည်ရှိနေသည့် မြို့နယ်တစ်ခုအပါအဝင်ဖြစ်ပြီး ညောင်လေးပင်ခရိုင်/ တပ်မဟာ(၃) ၏ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အတိုင်း ရပ်တည်သည့် အဖွဲ့အစည်းဖြစ်သည်။

ထို ရပ်တည်ချက်နှင့်အညီ KNU ဆောထိမြို့နယ်/တပ်ရင်း(၇)သည် မိမိတို့၏ ထိန်းချုပ် နယ်မြေအတွင်း ရှိ ပြည်သူများအနေဖြင့် ယခုလက်ရှိ ငြိမ်းချမ်းရေးဆိုင်ရာ အခြေအနေ အပေါ် ဒေသခံပြည်သူများ သိရှိနားလည်စေရန် NCA ဆိုင်ရာ ကိစ္စရပ်များကို ကျေးရွာ၊ ဒိုင်နယ် အတွင်း ကွင်းဆင်းကာ ရှင်းလင်းချပြလျက်ရှိပါသည်။

သို့ပါသော်လည်း ၄.၂.၂၀၂၀ ရက်နေ့ ညနေ (၂) နာရီ အချိန်တွင် ဘောကထာစခန်း တွင် ထိုင်သည့် ရွှေကျင်အခြေစိုက် စစ်ဗျူဟာ လက်အောက်ခံတပ်ရင်း ခလရ (၁၂၄) တပ်ရင်း ဗိုလ်မှူးထွန်းထွန်းလင်း ဦးဆောင်သည့် အင်အား(၅)ဦး သည် လက်နက်အပြည့်အစုံဖြင့် KNU ဆောထိမြို့နယ်/တပ်ရင်း(၇) မှ သရက်ချောင်းကျေးရွာတွင် ပြုလုပ်နေသည့် NCA ဆိုင်ရာ ရှင်းလင်းပွဲပြုလုပ်ခြင်းကို လာရောက် တားမြစ် ပိတ်ပင်ခဲ့ပါသည်။

ဤကဲ့သို့ တပ်မတော် မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအချက်များ ပြည်သူလူထုကို ချပြသည့် ဆွေးနွေးပွဲအား ကန့်ကွက်ရန် အကြောင်းမရှိပါ။ ထို့အပြင် တပ်မတော် အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် လက်မခံ ပဲ တားမြစ် ပိတ်ပင်သည်ဟု မိမိတို့ KNU ဆောထိမြို့နယ်/တပ်ရင်း(၇) မှ မှတ်ယူပါသည်။

တပ်မတော်မှ ငြိမ်းချမ်းရေး ကို မလိုလားသည့် ပုံသဏ္ဌာန် ဖြင့် NCA ဆိုင်ရာ ဆွေးနွေးပွဲအား တားမြစ်နေခြင်းသည် မိမိတို့ နှစ်ဖက် ခေါင်းဆောင်များ (၂၀၁၂ ခုနှစ် ၊ ဧပြီလ ၁၀ ရက်) နေ့ ပဲခူးမြို့၊ ရွှေဂါထွန်း ဟိုတယ် တွင် ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲမှ ရရှိလာသည့် သဘောတူညီချက် များနှင့် NCA စာချုပ်ပါအချက်များအပေါ် လိုက်နာဆောင်ရွက်မှု မရှိသည့် အပြင် ငြိမ်းချမ်းရေးကို မလိုလားသည့် သဏ္ဌာန် ဆောင်နေပါသည်။

ထို့ကြောင့် တပ်မတော် အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတိုင်း လိုက်နာ ဆောင်ရွက်ရန် နှင့် နောက်နောင် တွင်လည်း ငြိမ်းချမ်းရေးကို မလိုလားအပ်သည့် သဏ္ဌာန်ဖြင့် ပြည်သူလူထုကို ချပြသည့် NCA ဆိုင်ရာ ဆွေးနွေးပွဲများ တားမြစ်ပိတ်ပင်ခြင်း လုပ်ငန်းများ မလုပ်ဆောင်ရန်၊ ဤကဲ့သို့ KNU အဖွဲ့အစည်းမှ NCA ဆွေးနွေးပွဲ လုပ်ဆောင်ခြင်းအပေါ် တပ်မတော်မှ ကန့်ကွက်ခြင်းအား မိမိတို့ KNU ဆောထိမြို့နယ်/တပ်ရင်း (၇) မှ ရှုပ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြို့နယ်အမြဲတမ်းကော်မတီ

KNU-ကရင်အမျိုးသားအစည်းအရုံး

ဆောထိမြို့နယ်/တပ်ရင်း(၇)

ဆက်သွယ်ရန် - 09-340070190